# ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ နှီးနှောဖလှယ်ပွဲ
# သက္ကရာဇ် ၂၀၀၆ ဧပြီလ (၆–၈)ရက်
# လော်ခီးလာစခန်း၊ ကော်သူးလေ

## ထုတ်ပြန်ကြေငြာချက်

၁။ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးတို့သာမက ကျား–မ တန်းတူရေးဆိုင်ရာ အခွင့်အရေးများကိုပါ အပြည့်အဝအာမခံချက်ပေးနိုင်မည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တရပ်ကို ဒီမိုကရေစီ အင်အားစုများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံမှ နိုင်ငံရေးအင်အားစုများ၊ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ ပါဝင်သည့် အဖွဲ့ပေါင်း (၅၉)ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း (၁၀၁)ဦးတို့က ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး၊ သက္ကရာဇ်၂၀၀၆–ခုနှစ်၊ဧပြီလ (၆)ရက်မှ(၈)ရက်နေ့အထိ (၃)ရက်တိုင်တိုင် လော်ခီးလာစခန်း၌ ကျင်းပခဲ့သော နှီးနှောဖလှယ်ပွဲတွင် တညီတညွတ်တည်း အတည်ပြု နိုင်ခဲ့ကြပါသည်။

၂။ ဤသို့ အတည်ပြုလိုက်သော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)သည် သက္ကရာဇ် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ(၁၂)ရက် ပြည်ထောင်စုနေ့တွင် အတည်ပြုချမှတ်ခဲ့သော အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့် “လမ်းညွှန်မှု (၈) ချက်” နှင့် “ဆုံးဖြတ်ချက် (၃) ရပ်”တို့ အပေါ် ကြောရိုးပြု၍ ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးနှင့် ညှိနှိုင်းမှုကော်မတီ **(FCDCC)** မှ တာဝန်ယူရေးဆွဲထားသော မူကြမ်းပင်ဖြစ်ပါ သည်။

၃။ အခန်းကြီး (၁၄) ခန်းနှင့် ပုဒ်မပေါင်း (၁၉၇) ပုဒ်မ ပါဝင်သော ဤဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)သည် ဒီမိုကရေစီ နိုင်ငံတော်ထူထောင်ရေးအတွက်သာမက၊ ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ မျှော်မှန်းခဲ့သည့် စစ်မှန်သည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးကိုပါ ဦးတည် ရည်မှန်းထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)သည် တိုင်းရင်းသားပြည်သူတရပ်လုံး၏ ဆန္ဒကို ထင်ဟပ်စေပြီး၊ ယင်းကို တရားဝင်အတည်ပြုနိုင်သောနေ့သည် အနှစ်(၅၀)ကျော် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးတို့အတွက် အဆုံးအဖြတ်ပေးမည့်နေ့ဖြစ်လိမ့်မည်ဖြစ်ကြောင်း နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း သဘောထားရှိကြပါသည်။

၄။ ယခုနှီးနှောဖလှယ်ပွဲကြီးက အတည်ပြုလိုက်သော ဤဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ကို ပြည်ထောင်စုတဝှမ်းလုံးရှိ တိုင်းရင်းသား ပြည်သူတရပ်လုံးထံသို့လည်းကောင်း၊ နိုင်ငံတကာ မိသားစုများထံသို့ လည်းကောင်း၊ နည်းလမ်းပေါင်းစုံဖြင့် ရှင်းလင်းတင်ပြသွားကြရမည်ဖြစ်သည်။ ထို့ပြင် နအဖ စစ်အုပ်စုနှင့် အနှစ်သာရရှိသော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲ အမြန်ဆုံးစတင်နိုင်ရေးအတွက် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများ၏ နိုင်ငံရေးရပ်တည်ချက်အဖြစ်လည်း အသုံးပြုတင်ပြသွားမည်ဖြစ်ပါသည်။

၅။ နအဖ စစ်အုပ်စုအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အမှန်တကယ် လိုလားပါက အဖွဲ့အစည်းပေါင်းစုံပါဝင်သည့် နှီးနှောဖလှယ်ပွဲကြီးက သဘောတူအတည်ပြုထားသော ဤဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို ပြည်သူလူထုတရပ်လုံး၏ စစ်မှန်သော ကိုယ်စားလှယ်များပါဝင်စေလျှက် လွတ်လပ်ပွင့်လင်းစွာ နှီးနှောဖလှယ်နိုင်သည့် စစ်မှန်သော အမျိုးသားညီလာခံကြီးတွင် တတပ်တအား ပါဝင်တက်ရောက်ဆွေးနွေးကြပါရန် ဤထုတ်ပြန်ကြေငြာချက်ဖြင့် ဖိတ်ခေါ် ကမ်းလှမ်းလိုက်ပါသည်။

Media Contact
Dr. Lian H. Sakhong : 66-(0)1-029-610-0
U Thein Oo : 66-(0)9-203-297-2
Col. Hkun Okker : 66-(0)1-950-215-8

Federal Constitution Seminar
Federal Constituton Drafting and Coordinating Committee (FCDCC)